# Press Release

It is learnt that foreign media and some international agencies are issuing Press Releases based on unjustified conclusions drawing from unverified information in relation to the incidents which took place on 13 January 2014 in Ducheertan (Middle) village, Maungtaw Township. Such misinformation and unjustified conclusions amount to exaggeration and distorting the situation eventually leading to misunderstanding between the two communities in Rakhine State. It is also confirmed that those Press Releases were issued without any attempt to inquire or verify the information with responsible government officials. The truth about the situation of the incident is as follows:

During the routine patrol duty in Ducheertan (Middle) village in the vicinity on the night of 13 January 2014, a five-member police patrol team was surrounded and threatened by over one hundred Bengali mob wielding sticks and knives. As the mob advanced with visible threat, the patrol team had to leave the vicinity. During the withdrawal, the leader of the police patrol team was lost in the mob. Remobilized police and security forces revisited the same vicinity in search of the lost Police Sergeant. They were again threatened by over 500 Bengali mob armed with sticks and knives. In order to deter from being physically attacked, eight warning shots were fired. However, there were no civilian injuries or causalities.

In search of the missing Police Sergeant in the following days, only clues such as blood-stained uniform, belt, and a pair of boot were discovered. The Chief Minister of Rakhine State, local authorities, police and security personnel, religious leaders, Rakhine State Hluttaw (Parliament) Representatives, resident representatives from UNHCR and OCHA together made a tour to the area including Ducheertan Village and met with the villagers.

A planned and pre-determined violent attack on the security personnel in the line of duty is an offence punishable by law. The attackers include those who took part in the arms training courses run by so-called Rohingya Solidarity Organization-RSO. Law enforcement agencies will continue their efforts to expose and bring them to justice within the existing framework of law.

The Union Government of the Republic of the Union of Myanmar and the local authorities are taking every step to ensure security, rule of law, justice, humanitarian access, and reconciliation in Rakhine State. At this critical juncture of political, socio-economic and administrative reform process in Myanmar, will only unbiased, constructive and well-objective activities be helpful to the people of Myanmar.

The international media and international agencies should release only information which is verified with responsible officials of the government. Failing to do so, releasing unverified information would tantamount to interfering internal affairs of the host country. Resident Diplomatic Missions are also required to faithfully observe fundamental diplomatic practices in line with the 1961 Vienna Convention on Diplomatic Relations.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Date: 24 January 2014**

# သတင်းထုတ်ပြန်ချက်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၌ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့်ပတ်သက်ပြီး ပြည်ပသတင်းဌာနများနှင့် အချို့သော နိုင်ငံတကာ အဖွဲ့အစည်းများက အတည်မပြုနိုင်သော သတင်းများကို အခြေခံလျက်လွဲမှားစွာ ကောက်ချက် ချပြီး သတင်းများ ထုတ်ပြန်နေသည်ကိုတွေ့ရှိရပါသည်။ ဤသတင်းမှားများ၊ စွပ်စွဲပြောဆို ချက်များသည် ရခိုင်ပြည်နယ်ရှိ လူ့အသိုက်အဝန်းနှစ်ခုအကြား အထင်အမြင် လွဲမှားစေရန် ပုံကြီးချဲ့ ဖန်တီးပြောကြား လုပ်ဆောင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယင်းသတင်းမှားများ၊ စွပ်စွဲပြောဆိုချက်များမှာ သက်ဆိုင်ရာ အစိုးရဌာနများမှ တာဝန်ရှိသူများအား စုံစမ်းမေးမြန်း ခြင်း၊ အတည်ပြုချက် ရယူခြင်းများမရှိပဲ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤဖြစ်စဉ်နှင့် ပတ်သက်သည့် ဖြစ်ရပ်မှန်မှာ အောက်ဖော်ပြပါ အတိုင်းဖြစ်သည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်၊ ညပိုင်းတွင် အဖွဲ့ဝင် (၅) ဦးပါသည့် ရဲလှည့်ကင်းအဖွဲ့သည် ပုံမှန်လှည့်ကင်းတာဝန် ထမ်းဆောင်စဉ် မောင်တောမြို့နယ်၊ ဒုချီးရား တန်း(အလယ်)ရွာအရောက်၌ တုတ်၊ ဓါး ကိုင်ဆောင်ထားသည့် ဘင်္ဂါလီအုပ်စုအင်အား (၁၀၀) ခန့်မှ ဝိုင်းဝန်းရန်မူမှုကို ခံခဲ့ရသဖြင့် လူစုခွဲရှောင်ပေးခဲ့သည်။ ယင်းသို့ လူစုခွဲတိမ်းရှောင်စဉ် ရဲလှည့်ကင်းအဖွဲ့ခေါင်းဆောင်မှာ လူစုကွဲ၍ ကျန်ရစ်ခဲ့ပြီး ၎င်းကိုင်ဆောင်သောလက်နက်နှင့် အတူ ယနေ့တိုင် ပျောက်ဆုံးလျက်ရှိပါသည်။ နယ်မြေခံရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သည် အင်အားစုစည်းပြီး ယင်းလူစုကွဲ ပျောက်ဆုံးကျန်ရစ်ခဲ့သူအား ပြန်လည်ရှာဖွေရန် ၎င်းကျေးရွာသို့ ထပ်မံသွားရောက်ခဲ့ရာတွင် တုတ်၊ ဓါးကိုင်ဆောင်ထားသည့် ဘင်္ဂါလီ အုပ်စုအင်အား (၅၀၀) ကျော်၏ ဝိုင်းဝန်းရန်မူမှုကို ခံခဲ့ရသည်။ အကြမ်းဖက်လူအုပ်စုသည် အန္တရာယ်ပြုရန် ချဉ်းကပ်လာသည့်အတွက် မိမိဘက်မှ သေနတ် (၈)ချက် ဖောက်၍ သတိပေး ခဲ့သည်။ ယင်းသို့ သတိပေးပစ်ဖောက်ခဲ့ခြင်းကြောင့် အရပ်ဖက် ပြည်သူတစ်စုံတစ်ဦး တစ်ယောက်မျှ ထိခိုက်သေဆုံးခြင်းမရှိခဲ့ပါ။

တာဝန်ထမ်းဆောင်စဉ် ပျောက်ဆုံးခဲ့သည့် ရဲတပ်ကြပ်ကြီးအား နောက်ပိုင်း ရက်များတွင် ဆက်လက်ရှာဖွေခဲ့သော်လည်း သွေးစွန်းနေသည့် ယူနီဖောင်း၊ ခါးပတ်၊ ဖိနပ် စသည့် သဲလွန်စအချို့ ကိုသာတွေ့ရှိခဲ့ပါသည်။ တာဝန်ရှိသူများအနေဖြင့် မောင်တောမြို့၌ အစိုးရ တာဝန်ရှိသူများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ဗလီဆရာများ အားတွေ့ဆုံပြီး ပျောက်ဆုံးနေသော ရဲတပ်ကြပ်ကြီးနှင့် ပတ်သက်သည့် သတင်းအချက် အလက်များ ရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် မေတ္တာရပ်ခံခဲ့ပါသည်။ ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသအာဏာပိုင်များ၊ ရဲနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ UNHCR၊ OCHA ဌာနေ ကိုယ်စား

လှယ်များ ပါဝင်သည့်အဖွဲ့သည် ဒုချိုးရားတန်းရွာမှ ရွာသူရွာသားများကို လည်းကောင်း၊ သတင်းဖော်ထုတ်ရန် စစ်ဆေးမှုကိုစိုးရိမ်၍တိမ်းရှောင်လာသူများကိုလည်းကောင်း တွေ့ဆုံပြီး စုံစမ်းမေးမြန်း ခဲ့ပါသည်၊ ဖြေကြားချက်များအရ ယခင်ရက်များအတွင်း ဖြစ်စဥ်တစ်စုံတစ်ရာ မရှိခဲ့ကြောင်း တွေ့ရှိရသလို ပျောက်ဆုံးနေသူနှင့် ၎င်း၏လက်နက်အားလည်း မတွေ့ခဲ့ပါ။

လုံခြုံရေးတာဝန် ထမ်းဆောင်နေသူများအား အကွက်ကျကျ ကြိုတင်စီစဥ် ဖန်တီးကာ တိုက်ခိုက်ခဲ့သည့် ဤသို့သော အကြမ်းဖက်လုပ်ရပ်သည် ပြစ်မှုထိုက်သော အကြမ်းဖက် တိုက်ခိုက်မှုဖြစ်သည်၊ အကြမ်းဖက်မှု ကျူးလွန်သူများတွင် ရိုဟင်ဂျာညီညွတ်ရေး အဖွဲ့ဟုခေါ်သောအဖွဲ့၌ လက်နက်ကိုင်ဆောင်မှုဆိုင်ရာသင်တန်း တက်ခဲ့သူများ ပါဝင်ကြောင်း သိရပြီး ယင်းတို့ကို ဖော်ထုတ်လျက် တရားဥပဒေအရ စီရင်နိုင်ရန် တည်ဆဲဥပဒေဘောင်များ အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်လျက်ရှိသည်၊

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဒေသအာဏာပိုင်များသည် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမျှတမှုရှိရေး၊ လူသားချင်းစာနာ ထောက်ထားမှုရရှိရေးနှင့် ပြန်လည်သင့်မြတ်ရေးတို့အတွက် လိုအပ်သည်များကို ဆောင်ရွက် လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု များ အကောင်အထည်ဖော်နေသည့် သိမ်မွေ့သောကာလတွင် ဘက်လိုက်မှုမရှိသော၊ အပြု သဘောဆောင်သော၊ ရည်ရွယ်ချက်ကောင်းမွန်သော ဆောင်ရွက်ချက်များကသာ မြန်မာ ပြည်သူများကို ကူညီရာရောက်မည် ဖြစ်ပါသည်၊

သို့ဖြစ်ရာ နိုင်ငံတကာသတင်းဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အနေဖြင့် သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ပါက သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့် ဆက်သွယ် စုံစမ်းအတည်ပြုထားသော သတင်းများကိုသာ ထုတ်ပြန်သင့်ပါသည်၊ သို့မဟုတ်ပါက အိမ်ရှင် နိုင်ငံ၏ ပြည်တွင်းရေးကိုလည်း ဝင်ရောက်စွက်ဖက်ရာ ရောက်မည်ဖြစ်ပါသည်၊ မြန်မာနိုင်ငံ အခြေစိုက်သံတမန်များအနေဖြင့်လည်း ၁၉၆၁ ခုနှစ် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာ ကွန်ဗင်းရှင်းနှင့်အညီ သံတမန်ကျင့်ဝတ်များကိုလိုက်နာ ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖော်ပြ အပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်**